**FoodShare အလုပ် စည်းကမ်းချက်များနှင့် FoodShare အလုပ် သတ်မှတ်ချက်များမှာ အဘယ်နည်း။**

အချို့သော FoodShare လျှောက်ထားသူများနှင့် အဖွဲ့ဝင်များသည် FoodShare အခြေခံ အလုပ်စည်းကမ်းချက်များကို လိုက်နာရမည် သို့မဟုတ် အကျိုးခံစားခွင့်များ ဆက်လက်ရယူရန် အလုပ် သတ်မှတ်ချက် ပြည့်မီရမည်-

- သင်က အသက် 16 နှစ်မှ 59 နှစ် အရွယ်အတွင်း ဖြစ်ပါက သင် ကင်းလွတ်ခွင့် မရှိသရွေ့ အခြေခံအလုပ် စည်းကမ်းချက်များကို လိုက်နာရပါမည်။ FoodShare လျှောက်လွှာကို သင် ဖြည့်စွက်သောအခါ သို့မဟုတ် သင့် အကျိုးခံစားခွင့်များကို သက်တမ်းတိုးလိုက်သောအခါ FoodShare အခြေခံ အလုပ် စည်းကမ်းချက်များကို လိုက်နာရန် သင် သဘောတူရာရောက်ပြီး အလုပ်အတွက် မှတ်ပုံတင်ပြီး ဖြစ်ပါသည်။
- သင်သည် သင့်အိမ်တွင် အတူနေထိုင်သော အသက် 13 နှစ်အောက် ကလေး မရှိဘဲ အသက် 18 နှစ်မှ 64 အရွယ် ဖြစ်ပါက၊ FoodShare အလုပ် သတ်မှတ်ချက် ပြည့်မီခြင်း သို့မဟုတ် ကင်းလွတ်ခွင့်ရခြင်း မရှိသရွေ့ သုံးနှစ်တာကာလအတွင်း FoodShare အကျိုးခံစားခွင့်များကို သုံးလအထိသာ ရရှိနိုင်ပါသည်။

သင့်အေဂျင်စီသည် သင်နှင့် တွေ့ဆုံမေးမြန်းနေချိန်အတွင်း FoodShare အခြေခံ အလုပ်စည်းကမ်းချက်များနှင့် အလုပ် သတ်မှတ်ချက်ကို သင့်အား ပို၍အသေးစိတ်ကျကျ ရှင်းပြပေးပါမည်။

**FoodShare အလုပ်ခန့်အပ်ခြင်းနှင့် သင်တန်းပေးခြင်း (FoodShare Employment and Training, FSET) ပရိုဂရမ်မှာ အဘယ်နည်း။**

FSET ပရိုဂရမ်သည် FoodShare အဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ အလုပ်ကျွမ်းကျင်မှုများကို တည်ဆောက်နိုင်စေရန်နှင့် အလုပ်များ ရှာတွေ့နိုင်စေရန် ကူညီပေးသည့် အခမဲ့ စေတနာအလျောက် ပရိုဂရမ်တစ်ခု ဖြစ်သည်။ သင်သည် FoodShare အလုပ် သတ်မှတ်ချက် ပြည့်မီရန် လိုအပ်ပါက သို့မဟုတ် လောလောဆယ် အလုပ်လုပ်နေပြီး သင့် ကျွမ်းကျင်မှုများကို တိုးမြှင့်လိုပါက FSET က သင့်ကို ကူညီပေးနိုင်ပါသည်။

**မေးခွန်းများ ရှိပါသလား။**

သင့်တွင် ရှိသော မေးခွန်းများအတွက် သင့်အေဂျင်စီထံသို့ ဆက်သွယ်ပါ။ သင့်အေဂျင်စီအတွက် လိပ်စာ သို့မဟုတ် ဖုန်းနံပါတ် ရယူရန် dhs.wisconsin.gov/forwardhealth/resources.htm သို့ သွားပါ သို့မဟုတ် အဖွဲ့ဝင် ဝန်ဆောင်မှုများ ဖုန်း 800-362-3002 (TTY နှင့် ဘာသာပြန်ဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်) ကို ခေါ်ဆိုပါ။

**USDA ခွဲခြားဆက်ဆံမှုမပြုရေး ကြေညာချက်**

ဗဟိုအစိုးရ အရပ်ဘက် အခွင့်အရေးများ ဥပဒေနှင့် အမေရိကန်ပြည်ထောင်စု စိုက်ပျိုးမွေးမြူရေးဌာန (U.S. Department of Agriculture, USDA) အရပ်ဘက် အခွင့်အရေးများဆိုင်ရာ စည်းမျဉ်းများနှင့် မူဝါဒများနှင့်အညီ၊ ဤအဖွဲ့အစည်းအား လူမျိုး၊ အသားအရောင်၊ နိုင်ငံသားဇစ်မြစ်၊ လိင် (ကျား၊ မ ဖြစ်မှုနှင့် လိင်စိတ်တိမ်းညွတ်မှု)၊ ဘာသာအယူဝါဒ၊ မသန်စွမ်းဖြစ်မှု၊ အသက်အရွယ်၊ နိုင်ငံရေး ယုံကြည်ချက်များ သို့မဟုတ် ယခင် အရပ်ဘက် အခွင့်အရေးများဆိုင်ရာ လှုပ်ရှားမှုအတွက် ရန်တုံ့နှင်းခြင်း သို့မဟုတ် လက်တုံ့ပြန်ခြင်းတို့ကို အခြေခံ၍ ခွဲခြားဆက်ဆံခြင်းမှ တားမြစ်ထားပါသည်။

ပရိုဂရမ် သတင်းအချက်အလက်များကို အင်္ဂလိပ်မဟုတ်သော အခြားဘာသာစကားများဖြင့် ဖတ်ရှုနိုင်ပါသည်။ ပရိုဂရမ် သတင်းအချက်အလက်များ (ဥပမာ၊ မျက်မမြင်စာ၊ ပုံနှိပ်စာလုံးကြီး၊ အော်ဒီယိုတိပ်ခွေ၊ အမေရိကန်လက်ဟန်ဘာသာစကား) ကို ရယူရန် အခြားသော ဆက်သွယ်ပြောဆိုနည်းများကို လိုအပ်သော မသန်စွမ်းသူများသည် အကျိုးခံစားခွင့်များအတွက် ၎င်းတို့ လျှောက်ထားသည့် အေဂျင်စီ (ပြည်နယ် သို့မဟုတ် ဒေသန္တရ) ထံသို့ ဆက်သွယ်ရပါမည်။ နားမကြားသူ၊ နားလေးသူ သို့မဟုတ် စကားပြော ချို့ယွင်းမှုရှိသူများသည် ဗဟိုအစိုးရ ထပ်ဆင့်လွှင့် ဝန်ဆောင်မှု ဖုန်း (800) 877-8339 မှတစ်ဆင့် USDA ထံသို့ ဆက်သွယ်နိုင်ပါသည်။

ပရိုဂရမ် ခွဲခြားဆက်ဆံမှုဆိုင်ရာ တိုင်ကြားချက်ကို တင်ပြရန်၊ တိုင်ကြားသူသည် (833) 620-1071 သို့ ခေါ်ဆိုခြင်းဖြင့်ဖြစ်စေ သို့မဟုတ် USDA ထံသို့ လိပ်မူပြီး စာတစ်စောင် ရေးသားပေးပို့၍ဖြစ်စေ USDA ရုံးခန်းတစ်ခုခုမှ အွန်လိုင်း https://www.usda.gov/sites/default/files/documents/ad-3027.pdf တွင် ရယူနိုင်သည့် ဖောင်ပုံစံ AD-3027၊ USDA ပရိုဂရမ် ခွဲခြားဆက်ဆံမှု တိုင်ကြားချက် ဖောင်ပုံစံကို ဖြည့်စွက်တင်ပြရပါမည်။ စာလွှာတွင် တိုင်ကြားသူ၏ အမည်၊ လိပ်စာ၊ တယ်လီဖုန်းနံပါတ်အပြင် အရေးဆိုထားသော အရပ်ဘက် အခွင့်အရေးများ ချိုးဖောက်မှု၏ သဘောသဘာဝနှင့် ရက်စွဲအကြောင်းကို အရပ်ဘက် အခွင့်အရေးများအတွက် လက်ထောက်အတွင်းရေးမှူး (Assistant Secretary for Civil Rights, ASCR) ထံသို့ အသိပေးရန် လုံလောက်သော အသေးစိတ်အချက်များပါသည့် အရေးဆိုထားသော ခွဲခြားဆက်ဆံမှု လုပ်ရပ်၏ ဖော်ပြချက်စာတို့ မဖြစ်မနေ ပါဝင်ရမည်။ ဖြည့်စွက်ထားသော AD-3027 ဖောင်ပုံစံ သို့မဟုတ် စာလွှာကို ဤလိပ်စာသို့ တင်သွင်းရမည်-

**(1)** **ချောစာ-**
Food and Nutrition Service, USDA
1320 Braddock Place, Room 334
Alexandria, VA 22314 သို့မဟုတ်

**(2)** **ဖက်စ်-**
(833) 256-1665 or (202) 690-7442 သို့မဟုတ်

(3) အီးမေးလ်-
FNSCIVILRIGHTSCOMPLAINTS@usda.gov

ဤအဖွဲ့အစည်းသည် တန်းတူညီမျှသော အခွင့်အရေးပေးသူ ဖြစ်သည်။

WISCONSIN DEPARTMENT *of* HEALTH SERVICES
Division of Medicaid Services
P-16063BU (02/2026)



# FoodShare WISCONSIN



**FoodShare Wisconsin ဆိုသည်မှာ အဘယ်နည်း။**
SNAP (အပိုဆောင်း အာဟာရ အထောက်အပံ့ ပရိုဂရမ်ဟု ခေါ်သည့်) ဟုလည်း သိကြသည့် FoodShare Wisconsin သည် ဝင်ငွေ အကန့်အသတ်ရှိသူများအနေဖြင့် ကောင်းမွန်သော ကျန်းမာရေးအတွက် ၎င်းတို့ လိုအပ်သည့် အစားအစာများကို ဝယ်ယူနိုင်အောင် ကူညီပေးပါသည်။

**FoodShare ကို ဘယ်သူတွေက ရယူနိုင်ပါသလဲ။**
အောက်ပါလူများသည် FoodShare အကျိုးခံစားခွင့်များကို ရယူနိုင်ပါသည်-
- သက်ကြီးနိုင်ငံသားများ
- မိသားစုများ
- အရည်အချင်းပြည့်မီသော ရွှေ့ပြောင်းနေထိုင်သူများ
- လူပျို/အပျိုများ
- မသန်စွမ်းသူများ

သင်က အမေရိကန်ပြည်ထောင်စု နိုင်ငံသားတစ်ဦး မဟုတ်သောကြောင့် FoodShare အကျိုးခံစားခွင့်များကို မရရှိနိုင်လျှင်ပင် အမေရိကန်ပြည်ထောင်စုတွင် မွေးဖွားခဲ့သည့် သင့်မိသားစုဝင်များသည် အကျိုးခံစားခွင့်များကို ရရှိနိုင်ပါသည်။

**ဝင်ငွေ ဘယ်လောက်ရလျှင် အရည်အချင်းမီနေဆဲ ဖြစ်မလဲ။**
သင့်မိသားစုဝင်ငွေအားလုံးသည် လစဉ် ကန့်သတ်ချက် အောက်တွင် ရှိနေပါက FoodShare တွင် သင် စာရင်းသွင်းနိုင်ပါသည်။ လက်ရှိ ဝင်ငွေ ကန့်သတ်ချက်များအတွက် dhs.wisconsin.gov/foodshare/fpl.htm သို့ သွားပါ။

ထည့်သွင်းစဉ်းစားသည့် ဝင်ငွေ အမျိုးအစား အချို့တွင် ဖော်ပြပါတို့ ပါဝင်သည်-
- အလုပ် လုပ်အားခများ။
- မသန်စွမ်းမှု အကျိုးခံစားခွင့်များ။
- စစ်မှုထမ်းဟောင်း အကျိုးခံစားခွင့်များ။
- လူမှုဖူလုံရေး အကျိုးခံစားခွင့်များ။
- ကိုယ်ပိုင်အလုပ် အကျိုးခံစားခွင့်များ။
- အလုပ်လက်မဲ့ အာမခံ။

သင်က အကျိုးခံစားခွင့်များကို ရယူနိုင်ခြင်း ရှိ၊ မရှိ သိနိုင်ရန် access.wi.gov သို့ သွားပြီး "အကူအညီ ရယူနိုင်မလား သိနိုင်ရန် ကြည့်မည်" ကို နှိပ်ပါ။

**ဘယ်လောက် ရနိုင်မလဲ။**
သင် ရရှိမည့် FoodShare အကျိုးခံစားခွင့်များ၏ ပမာဏသည် သင့် ဝင်ငွေနှင့် အိမ်ထောင်စု လူဦးရေပေါ် မူတည်ပါသည်။

**FoodShare အကျိုးခံစားခွင့်များဖြင့် ဘယ်အရာများကို ဝယ်ယူနိုင်ပါသလဲ။**
ဖော်ပြပါတို့ကဲ့သို့ အစားအစာများကို ဝယ်ယူရန် သင့်အကျိုးခံစားခွင့်များကို သင် အသုံးပြုနိုင်သည်-
- ပေါင်မုန့်များနှင့် နံနက်စာ စားသောက်ဖွယ်များ။
- သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များ။
- နို့ထွက်ပစ္စည်းများ။
- အသားများ၊ ငါးများနှင့် ကြက်ငှက်များ။
- သင့် မိသားစု စားသုံးရန်အတွက် အစားအစာ စိုက်ပျိုးရန် အပင်ငယ်များနှင့် မျိုးစေ့များ။

ဖော်ပြပါတို့ကို ဝယ်ရန် သင့်အကျိုးခံစားခွင့်များကို သင် အသုံးမပြုနိုင်ပါ-
- အစားအစာမဟုတ်သော အရာများ (အိမ်မွေးတိရစ္ဆာန် အစားအစာများ၊ စက္ကူ ထုတ်ကုန်များ၊ ဆပ်ပြာများ၊ အိမ်ထောင်စုသုံးပစ္စည်းများ၊ ဖြီးလိမ်းသန့်စင်ရေး ပစ္စည်းများ၊ သွားတိုက်ဆေး၊ အလှအပရေးရာပစ္စည်းများ၊ စသည်ဖြင့်)။
- ဘီယာ၊ ဝိုင်၊ အရက်၊ စီးကရက်များ သို့မဟုတ် ဆေးရွက်ကြီး။
- စတိုးဆိုင်တွင် စားသောက်မည့် အစားအစာ။
- ပူနွေးသော အစားအစာများ (ဆိုင်တွင် ချက်ပြုတ်ပြီး ပူပူနွေးနွေး ထိုင်စားသည့် အစားအစာ)။
- ဗီတာမင်များနှင့် ဆေးဝါးများ။

**အစားအစာများကို ဝယ်ယူရန် ကျွန်ုပ်၏ အကျိုးခံစားခွင့်များကို ဘယ်လို အသုံးပြုရမလဲ။**
အကျိုးခံစားခွင့်များကို အီလက်ထရွန်နစ် အကျိုးခံစားခွင့်များ လွှဲပြောင်းမှု (Electronic Benefits Transfer, EBT) စနစ်ကို အသုံးပြု၍ FoodShare အကောင့်တွင် ထည့်သွင်းပါသည်။ သင့်အကျိုးခံစားခွင့်များကို Wisconsin QUEST ကတ်ဟု ခေါ်သည့် ပလတ်စတစ်ကတ်တစ်ခုဖြင့် ဝင်ကြည့်နိုင်ပါသည်။ ဤကတ်ကို ဒက်ဘစ်ကတ်တစ်ခုကဲ့သို့ အသုံးပြုနိုင်သည်။

**QUEST ကတ်ကို ဘယ်နေရာမှာ အသုံးပြုနိုင်ပါသလဲ။**
သင်သည် EBT ပေးချေမှုများကို လက်ခံသည့် ကုန်စုံဆိုင်နှင့် သက်သာချောင်ချိရေးဆိုင်များတွင် အစားအစာများကို ဝယ်ယူရန် QUEST ကတ်ကို အသုံးပြုနိုင်ပါသည်။




သင့်အကျိုးခံစားခွင့်များကို ဤနေရာတွင်လည်း သင် အသုံးပြုနိုင်ပါသည်-
- လယ်သမားဈေးတချို့တွင်။
- သက်ကြီးနိုင်ငံသားများအတွက် စုဖွဲ့စားသောက်ရာနေရာများတွင်။
- Meals-on-Wheels ကဲ့သို့ အစားအသောက် ပို့ဆောင်ရေး ဝန်ဆောင်မှုများအတွက်။
- အွန်လိုင်း စတိုးဆိုင်အချို့တွင်။ အစားအစာများကို အွန်လိုင်းတွင် သင် မှာယူပြီး ငွေပေးချေနိုင်သည့် စတိုးဆိုင်စာရင်းကို ကြည့်ရန် dhs.wisconsin.gov/ebt.htm သို့ သွားပါ။

**FoodShare ကို ဘယ်လို လျှောက်ထားရမလဲ။**
FoodShare ကို လျှောက်ထားရန် လျှောက်လွှာကို ဖြည့်စွက်နိုင်ပါသည်-
- အွန်လိုင်း – access.wi.gov သို့ သွားပါ။
- ဖုန်းဖြင့် သို့မဟုတ် လူကိုယ်တိုင် – သင်၏ ဒေသန္တရ အေဂျင်စီထံသို့ ဆက်သွယ်ပါ။
- ချောစာဖြင့် – သွားရမည့်နေရာ dhs.wisconsin.gov/forwardhealth/resources.htm လျှောက်ထားရန်အတွက် သင့် အေဂျင်စီကို ဆက်သွယ်ပါ။

သင့်အေဂျင်စီအတွက် လိပ်စာ သို့မဟုတ် ဖုန်းနံပါတ် ရယူရန် dhs.wisconsin.gov/forwardhealth/imagency/index.htm သို့ သွားပါ သို့မဟုတ် အဖွဲ့ဝင်ဝန်ဆောင်မှုများ ဖုန်း 800-362-3002 (TTY နှင့် ဘာသာပြန်ဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်) ကို ခေါ်ဆိုပါ။

သင့် လျှောက်လွှာကို သင် တင်သွင်းလိုက်သည်နှင့်တစ်ပြိုင်နက် အေဂျင်စီ အလုပ်သမားတစ်ဦးနှင့် ဖုန်းဖြင့် သို့မဟုတ် လူကိုယ်တိုင် တွေ့ဆုံမေးမြန်းမှုကို လက်ခံဖြေဆိုပေးရပါမည်။

**ကျွန်ုပ်၏ လူမှုဖူလုံရေးနံပါတ်ကို ပေးရန် လိုအပ်မလား။**
FoodShare အတွက် လျှောက်ထားသူတိုင်းသည် သူ သို့မဟုတ် သူမ၏ လူမှုဖူလုံရေးနံပါတ်ကို မဖြစ်မနေ ပေးအပ်ရပါမည်။ သင့်တွင် လူမှုဖူလုံရေးနံပါတ် မရှိပါက FoodShare အတွက် လျှောက်ထားရန်အလို့ငှာ နံပါတ်တစ်ခုကို လျှောက်ထားရန် လိုအပ်ပါမည်။